၂၀၁၆ ခုနှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

သမိုင်း                                                                                                        ခွင့်ပြုချိန် (၃)နာရီ

သတိပြုရန်။                ။အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။       (၁၀မှတ်)

(၁) နယ်ချဲ့အင်္ဂလိပ်သည် ၁၈၈၆ တွင် မြန်မာနိုင်ငံ၌ စတာလင်ပေါင် ၁၃ သန်းကျော်မြုပ်နှံကာ --------- ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သည်။

(၂) ဂျပန်ဝင်စကပင် သခင်သိန်းဖေ၊ သခင်တင်ရွှေစသော ခေါင်းဆောင်အချို့တို့ အိန္ဒိယဘက်သို့ ကူးသွားကာ --------- စစ်အာဏာပိုင်တို့နှင့် ဆက်သွယ်ခဲ့သည်။

(၃) ၁၈၅၂ တွင် --------- တိုင်းဒေသကြီးကိုရရှိပြန်ရာ ကုမ္ပဏီအစိုးရက ဝန်ရှင်တော်မင်းကြီး တစ်ဦးခန့်ပြီး အုပ်ချုပ်စေသည်။

(၄) အိမ်နီးချင်းဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ် --------- နှင့် တရုတ် မြန်မာ နယ်နိမိတ်ပြဿနာနှင့်ပတ်သက်သောသဘောတူစာချုပ်ကို ၁၉၆၀ ဇန်နဝါရီ တွင် ချုပ်ဆိုခဲ့သည်။

(၅) ပထစအစိုးရသည် --------- အစည်းအဝေးက တင်ပြသော ဖယ်ဒရယ်မူကို တိတိကျကျ ဖြေကြားခြင်းမရှိပေ။

(၆) ၁၈၉၀ ၌ ဝန်ကြီးချုပ်ဖြစ်လာသော --------- လက်ထက်တွင် ဂျာမနီသည် ကိုလိုနီများရရန် အပူတပြင်းဆောင်ရွက်လာသည်။

(၇) ၁၉၀၈ တွင် --------- ခေါ် မြင့်မြတ်စွာ ကြံဆောင်ရေးအသင်းကို ဖွဲ့စည်းခဲ့သည်။

(၈) အီတလီနိုင်ငံတွင် မူဆိုလီနီအာဏာရလာပြီးနောက် ၁၉၂၅ မှစ၍ --------- နိုင်ငံ အပေါ် အထူးအခွင့်အရေးများ တောင်းဆိုခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေးတင်းမာလာသည်။

(၉) ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ၂၆ နိုင်ငံမှ ကိုယ်စားလှယ်များသည် ဝါရှင်တန်မြို့၌ တွေ့ဆုံကြပြီး --------- ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

(၁၀) စင်ကာပူအစိုးရသည် --------- လူ့အဖွဲ့အစည်းပုံစံများကို ပိုမိုသွတ်သွင်းခဲ့သည်။

[စာမျက်နှာသို့

၁။ (ခ) အောက်ဖော်ပြချက်များကို 'မှား' (သို့မဟုတ်) 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

(၁) သခင်မြခေါင်းဆောင်ပြီး သခင်နှင့်လူငယ်အချို့ကို မြေအောက်လျှို့ဝှက်အဖွဲ့ ဖွဲ့ခဲ့သည်။
(၂) ၁၉၄၆ ဇန်နဝါရီတွင် စစ်သေနာပတိချုပ် မောင့်ဘက်တန်က မြို့ပြအုပ်ချုပ်ရေးရုပ်သိမ်းကြောင်းကြေညာချက် ထုတ်ပြန်ပေးခဲ့သည်။
(၃) ကိုမင်တန်တပ်သားနှစ်သောင်းနီးပါး ကျိုင်းတုံနယ်သို့ ဝင်ရောက်လျက်ပြည်သူများကို ညှဉ်းပန်းခဲ့ကြ၏။
(၄) ၁၈၆၁ တွင် ဇာအလက်ဇန္ဒား (၂) က မြေကျွန်လွတ်မြောက်ခွင့် အမိန့်ကို ပြဋ္ဌာန်းသည်။
(၅) ဂျာမန်လက်အောက်ခံ အနောက်ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများဆင်နွှဲခဲ့ရာ ဆိုဗီယက်နိုင်ငံများမှ အကူအညီများပေးခဲ့သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခု ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

(၁) ဘီအိုင်အေဖွဲ့စတွင်ထိုင်း-မြန်မာနယ်စပ်ဒေသရှိ -------- မြန်မာတိုင်းရင်းသားများ အပါအဝင် အင်အားတစ်ထောင့်ငါးရာခန့်ကို စည်းရုံးကာ တပ်မတော်သားများအဖြစ်စုဆောင်းခဲ့သည်။
(က) ကရင် (ခ) မွန် (ဂ) ရှမ်း
(၂) ပြည်ထောင်စုအစိုးရသည် -------- ကို နမူနာယူ၍ ဝန်ကြီးတစ်ဦးက ဝန်ကြီးဌာနတစ်ခုထက်ပို၍ တာဝန်ယူစေသဖြင့် ဝန်ကြီး ၁၃ ဦးသာရှိသည်။
(က) အိမ်စောင့်အစိုးရ (ခ) တော်လှန်ရေးကောင်စီအစိုးရ (ဂ) ဖဆပလအစိုးရ
(၃) ၁၉ ရာစု နောက်ပိုင်းတွင် ရုရှနိုင်ငံသို့ ဆိုရှယ်လစ်ဝါဒ ဝယက်ရိုက်ခဲ့ရာ ၁၈၉၈ တွင် -------- မြို့၌ ရုရှဆိုရှယ်ဒီမိုကရက်အလုပ်သမားပါတီကို တည်ထောင်ခဲ့သည်။
(က) ကီဗ် (ခ) ပီထရိုဂရက် (ဂ) မော်စကို
(၄) ဟစ်တလာဖွဲ့စည်းသည့်အစိုးရမှာ နာဇီပါတီဦးဆောင်သော -------- ဖြစ်သည်။
(က) ဆိုရှယ်လစ်အစိုးရ (ခ) ဖက်ဆစ်အစိုးရ (ဂ) ညွန့်ပေါင်းအစိုးရ
(၅) ၁၉၂၆ တွင် -------- နှင့်ဂျာမနီတို့သည် ဘာလင်စာချုပ်ကို ထပ်မံချုပ်ဆိုခြင်းဖြင့် နှစ်နိုင်ငံမဟာမိတ်ဖွဲ့မှုကို ပိုမိုခိုင်မာလာစေခဲ့သည်။
(က) အီတလီ (ခ) ဆိုဗီယက် (ဂ) ပြင်သစ်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ လေးပုဒ် ကို မှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ (၅ မှတ်)

(ခ) အထူးဌာနများ (၅ မှတ်)

(ဂ) ဖဆပလခေတ်ဘာသာရေး (၅ မှတ်)

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ (၅ မှတ်)

(င) တိလတ်၏ ဆွာရဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး လှုပ်ရှားမှု (၅ မှတ်)

(စ) ဂျပန်တွင်ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာရခြင်း အကြောင်းရင်းများ (၅ မှတ်)

(ဆ) ဥရောပစီးပွားရေးအဖွဲ့ (သို့မဟုတ်) ဘုံဈေး (၅ မှတ်)

(ဇ) အာဆီယံအတွင်းရေးမှူးချုပ်ရုံး (၅ မှတ်)

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းဖြစ်ပေါ်လာပုံနှင့် လှုပ်ရှားမှုများကိုဖော်ပြပါ။ (၁၅ မှတ်)

(၂) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးတွင် အောင်မြင်မှုများ ရရှိခဲ့ပုံကိုရေးပါ။ (၁၅ မှတ်)

(၃) ဂျပန်ခေတ်စီးပွားရေးတွင် လယ်ယာလုပ်ငန်းနှင့် သစ်လုပ်ငန်းအကြောင်းတင်ပြပါ။ (၁၅ မှတ်)

(၄) ဖဆပလခေတ် မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး ကိုလေ့လာတင်ပြပါ။ (၁၅ မှတ်)

(၅) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်အုပ်ချုပ်ရေးကိုဖြေဆိုပါ။ (၁၅ မှတ်)

[တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ပထမကမ္ဘာစစ်အပြီးတွင် ကျင်းပခဲ့သော ပါရီငြိမ်းချမ်းရေးညီလာခံ အကြောင်း ရေးပါ။ (၁၅ မှတ်)

(၂) တရုတ်နိုင်ငံတွင် ပေါ်ပေါက်ခဲ့သော မေ ၄ အရေးတော်ပုံ ကိုဖော်ပြပါ။ (၁၅ မှတ်)

(၃) ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရာ၌ နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာပုံ ကိုရှင်းပြပါ။ (၁၅ မှတ်)

(၄) စစ်အေးကာလတွင် အတင်းမာဆုံးဖြစ်သော ကျူးဘားဒုံးပျံအရေးအခင်း အကြောင်းတင်ပြပါ။ (၁၅ မှတ်)

(၅) အရှေ့တောင်အာရှနိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကိုဆွေးနွေးပါ။ (၁၅ မှတ်)